## မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ

(၂၀၁၇ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း (၁) | |
| | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ - ၃ |
| ၂။ | အခန်း (၂) | |
| | ရည်ရွယ်ချက်များ | ၃ - ၃ |
| ၃။ | အခန်း (၃) | |
| | စည်ပင်သာယာရေးနယ်နိမိတ်သတ်မှတ်ခြင်း | ၄ - ၄ |
| ၄။ | အခန်း (၄) | |
| | စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်း | ၄ - ၅ |
| ၅။ | အခန်း (၅) | |
| | ဝန်ထမ်းဖွဲ့စည်းပုံ | ၅ - ၆ |
| ၆။ | အခန်း (၆) | |
| | ပြည်နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၆ - ၇ |
| ၇။ | အခန်း (၇) | |
| | မြို့နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၇ - ၈ |
| ၈။ | အခန်း (၈) | |
| | စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ | ၈ - ၁၁ |
| ၉။ | အခန်း (၉) | |
| | အခွန်စည်းကြပ်ကောက်ခံခြင်း | ၁၁ - ၁၂ |
| ၁၀။ | အခန်း (၁၀) | |
| | ကြီးကြပ်ခြင်း | ၁၂ - ၁၃ |
| ၁၁။ | အခန်း(၁၁) | |
| | ဘဏ္ဍာရေး | ၁၃ - ၁၄ |
| ၁၂။ | အခန်း(၁၂) | |
| | စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၁၅ - ၁၈ |
| ၁၃။ | အခန်း(၁၃) | |
| | ဈေးများ စီမံခန့်ခွဲခြင်း | ၁၉ - ၁၉ |
| ၁၄။ | အခန်း(၁၄) | |
| | အငှားယာဉ်များနှင့်အခြားယာဉ်များ စီမံခန့်ခွဲခြင်း | ၁၉ - ၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | အခန်း (၁၅) | |
| | ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၂၀ - ၂၁ |
| ၁၆။ | အခန်း (၁၆) | |
| | တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း | ၂၂ - ၂၂ |
| ၁၇။ | အခန်း (၁၇) | |
| | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၂၂ - ၂၆ |
| ၁၈။ | အခန်း (၁၈) | |
| | အယူခံဝင်ခြင်း | ၂၆ - ၂၆ |
| ၁၉။ | အခန်း (၁၉) | |
| | တားမြစ်ချက်များ | ၂၇- ၂၈ |
| ၂၀။ | အခန်း (၂၀) | |
| | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၂၈ - ၂၈ |
| ၂၁။ | အခန်း (၂၁) | |
| | အထွေထွေ | ၂၉ - ၃၀ |

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ
## (၂၀၁၇ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)
## ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၇ခုနှစ်၊ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်၊

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးချုပ်** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်၊

(င) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(စ) **ပြည်နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းထားသော ပြည်နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ဆ) **မြို့နယ်ကော်မတီ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ဇ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်၊

(ဈ) **အမှုဆောင်အရာရှိ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်၊

(ည) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသော ပြည်နယ်စည်ပင်သာယာရေးဝန်ထမ်းအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းအဖွဲ့ကို ဆိုသည်၊

(ဋ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်း ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း၊ လူ၏ အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက် ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက် ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းများလည်း ပါဝင်သည်၊

(ဌ) **အခွန်** ဆိုသည်မှာ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများအပေါ် စည်းကြပ်ကောက်ခံသည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့်ဒဏ်ကြေးများလည်း ပါဝင်သည်၊

(ဍ) **ဝန်ဆောင်ခွန်** ဆိုသည်မှာ ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အများသုံး အိမ်သာခွန်စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကောက်ခံသည့်အခွန်ကို ဆိုသည်၊

(ဎ) **စည်ပင်သာယာဈေး** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သို့မဟုတ် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ကုန်စည်အမျိုးမျိုးရောင်းချရန်အတွက် အဖွဲ့ကဖြစ်စေ၊ အဖွဲ့၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ တည်ထောင်ပေးသည့်အဆောက်အအုံများ၊ ဈေးရုံများ၊ ဆိုင်ခန်းများ၊ ဆိုင်နေရာများနှင့်ယင်းတို့ကို အထောက်အကူပြုသည့် အဆောက်အအုံ များ ပါဝင်သော အဖွဲ့က ဈေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသည့်နေရာကို ဆိုသည်၊

(ဏ) **ကိုယ်ပိုင်ဈေး** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကုန်စည်အမျိုးမျိုး ရောင်းဝယ်ဖောက်ကားရာ စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ကိုရယူ၍ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အစုစပ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဈေးအဖြစ် တည်ထောင်ဖွင့်လှစ် ထားသော ဆိုင်ခန်း၊ ဆိုင်နေရာစသည့် အဆောက်အဦများ ပါဝင်သော နေရာ၊ ဌာန၊ ပုရဝုဏ်တို့ကို ဆိုလိုသည်။ ယင်းစကားရပ်တွင် စည်ပင်သာယာရေးအဖွဲ့က ဈေးအဆင့် သတ်မှတ်ပြီး ကုန်ပဒေသာဆိုင်နှင့်ကုန်တိုက်များလည်း ပါဝင်သည်။ သို့ရာတွင် ဘုရား ပုရဝုဏ်အတွင်း၌ရှိသော ဈေးများ မပါဝင်ပေ။

(တ) **အနှေးယာဉ်** ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်း သယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူ ပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်၊

(ထ) **အနေ့းယာဉ်မောင်း** ဆိုသည်မှာ အနေ့းယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်၊

(ဒ) **အခြားယာဉ်** ဆိုသည်မှာ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေအရ လုပ်ငန်းလိုင်စင်ရယူထားသည့် ယာဉ်များမှအပ ခရီးသည်၊ ကုန်စည်များကို အခကြေးငွေရယူ၍ သယ်ယူပို့ဆောင်ခြင်း၊ အငှားလိုက်ခြင်း ဆောင်ရွက်သည့် အင်ဂျင်ပါဝါ ၁၀၀ စီစီမှ ၁၂၅ စီစီထိ အငယ်စား စက်အင်အားသုံး ဘီးတပ်ယာဉ်ကို ဆိုသည်၊

(ဓ) **အခြားယာဉ်မောင်း** ဆိုသည်မှာ ပုဒ်မခွဲ (ဒ) ပါယာဉ်အား မောင်းနှင်သူကို ဆိုသည်၊

(န) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း၊ တူးမြောင်း၊ အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗာန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်၊

(ပ) **အိမ်ထောင်စု** ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာနက သတ်မှတ်ထားသော ပုံစံ ၆၆/၆ ပါ အိမ်ထောင်စုလူဦးရေစာရင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ရွာများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်မြင့်မားလာစေရန်၊

(ခ) စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ အကောက်အပြည့်အဝရရှိရန်နှင့် ရရှိလာသော ဝင်ငွေအားလုံးကို စီမံခန့်ခွဲနိုင်ရန်၊

(ဂ) စည်ပင်သာယာရေးဆိုင်ရာ ရရှိလာသော အရပ်ရပ်ဝင်ငွေအားလုံးကို သက်ဆိုင်ရာ မြို့၊ ရွာများ၏ စည်ပင်သာယာနှင့်သက်ဆိုင်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျသုံးစွဲရန်၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှု ပိုမိုဖြစ်ထွန်းလာစေရန်၊

(င) စည်ပင်သာယာရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူတာဝန်ခံမှု၊ အကျိုးသက်ရောက်မှု ပိုမိုအားကောင်းလာစေရန်။

## အခန်း (၃)
## စည်ပင်သာယာရေးနယ်နိမိတ်သတ်မှတ်ခြင်း

၄။ မြို့နယ်ကော်မတီမှ တင်ပြလာသော စည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်ချက်များကို အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့ပြရပ်ကွက်များကိုဖြစ်စေ၊ ကျေးရွာများကိုဖြစ်စေ၊ မြို့နှင့်ကျေးရွာများကိုပူးပေါင်း၍ဖြစ်စေ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ရမည်။

## အခန်း (၄)
## စည်ပင်သာယာရေးကော်မတီများဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် ပြည်နယ်ကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ၊ ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဂ) | ဥက္ကဋ္ဌ၊ ဘီးလင်းမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဃ) | ဥက္ကဋ္ဌ၊ သထုံမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ၊ ပေါင်မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ၊ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ၊ ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ၊ ကျိုက်မရောမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ၊ မုဒုံမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ၊ သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ၊ ရေးမြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

၆။ ညွှန်ကြားရေးမှူးသည် ရာထူးအလျောက် ပြည်နယ်ကော်မတီ၏ အတွင်းရေးမှူး ဖြစ်ရမည်။

၇။ မြို့နယ်ကော်မတီကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အိမ်ထောင်စုများ၏ဆန္ဒဖြင့် ရွေးချယ်သော ပုဂ္ဂိုလ်(၅)ဦးနှင့် အစိုးရအဖွဲ့မှ တာဝန်ပေးသည့်ပုဂ္ဂိုလ်(၂)ဦးတို့ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (က) | မြို့နယ်ရပ်မိရပ်ဖကိုယ်စားလှယ် | ရွေးကောက်ခံ | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်ရပ်မိရပ်ဖကိုယ်စားလှယ် | ရွေးကောက်ခံ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ရပ်မိရပ်ဖကိုယ်စားလှယ် | ရွေးကောက်ခံ | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ရပ်မိရပ်ဖကိုယ်စားလှယ် | ရွေးကောက်ခံ | အဖွဲ့ဝင် |
| (င) | မြို့နယ်ရပ်မိရပ်ဖကိုယ်စားလှယ် | ရွေးကောက်ခံ | အဖွဲ့ဝင် |

(စ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခန့်အပ် အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဆ) ဒုတိယဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာန ခန့်အပ် အဖွဲ့ဝင်

၈။ အမှုဆောင်အရာရှိသည် ရာထူးအလျှောက် မြို့နယ်ကော်မတီ၏ အတွင်းရေးမှူး ဖြစ်ရမည်။

၉။ အိမ်ထောင်စုများ၏ဆန္ဒဖြင့် ရွေးချယ်သော ပုဂ္ဂိုလ် (၅)ဦးထဲမှတစ်ဦးကို ပုဒ်မ ၇ အရ ရွေးချယ်ခံရသည့် ကော်မတီဝင်(၇)ဦး၏ဆန္ဒဖြင့် ကော်မတီဥက္ကဋ္ဌကို ရွေးချယ်ရမည်။

၁၀။ အစိုးရအဖွဲ့သည် ပုဒ်မ ၅ နှင့် ၇ တို့အရ ကော်မတီဖွဲ့စည်းနိုင်ရန် ကော်မတီများ ဖွဲ့စည်းခြင်း၊ ရွေးချယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

၁၁။ ကော်မတီဝင် လစ်လပ်ပါက ပုဒ်မ ၁၀ အရ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အစားထိုးရမည်။

၁၂။ စည်ပင်သာယာရေးကော်မတီများ၏ သက်တမ်းသည် အစိုးရအဖွဲ့ သက်တမ်းနှင့်အညီ ဖြစ်သည်။

## အခန်း (၅)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၃။ ညွှန်ကြားရေးမှူးသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ဝင်ငွေကိုအခြေခံ၍ ရေးဆွဲထားသော ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းနှင့်ဖွဲ့စည်းပုံကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။ ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းနှင့် ဖွဲ့စည်းပုံကို ရေးဆွဲရာ၌ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ရေးဆွဲဖွဲ့စည်းရမည်။

၁၄။ ညွှန်ကြားရေးမှူးသည် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းနှင့် ဖွဲ့စည်းပုံဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ပြောင်းလဲခြင်းများကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူရမည်။

၁၅။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လိုအပ်ပါက ဥပဒေအရာရှိအားဖြစ်စေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားဖြစ်စေ ညွှန်ကြားဆောင်ရွက်စေနိုင်သည်။

၁၆။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိများအား ဝန်ထမ်းဆိုင်ရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

၁၇။ ညွှန်ကြားရေးမှူးသည် စည်းမျဉ်း၊ စည်းကမ်း ဖောက်ဖျက်ကျူးလွန်သော စည်ပင်သာယာရေးဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူရမည်။

၁၈။ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက်ကျော်လွန်ခြင်း မရှိစေရ။

၁၉။ အစိုးရအဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များနှင့်ဖြစ်စေ ညှိနှိုင်း၍ ဝန်ထမ်းများကို လွှဲပြောင်းရယူခြင်း၊ လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်နိုင်သည်။

၂၀။ အစိုးရအဖွဲ့သည် ဝန်ကြီး၏တင်ပြချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီဝင်များအား စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပသို့ သင်တန်းတက်ရောက်စေခြင်း၊ လေ့လာစေခြင်း၊ ဆွေးနွေးပွဲ တက်ရောက်စေခြင်းများကို ခွင့်ပြုနိုင်သည်။

၂၁။ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဝန်ထမ်းအဖွဲ့နှင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အခကြေးငွေဖြင့် ငှားရမ်းတာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်တို့၏ ခံစားခွင့်ကို နည်းဥပဒေ ပြဋ္ဌာန်း၍ ခွင့်ပြုနိုင်သည်။

## အခန်း(၆)
## ပြည်နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ ပြည်နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်ကော်မတီများနှင့်စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ သဘောထားမှတ်ချက်များ၊ အကြံဉာဏ်များပေးခြင်း၊ အခါအားလျော်စွာ စစ်ဆေးခြင်း၊

(ခ) စည်ပင်သာယာရေးအဖွဲ့မှ ရေးဆွဲတင်ပြလာသော စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို စိစစ်အကြံပြု၍ သဘောထားမှတ်ချက်ပေးခြင်း၊

(ဂ) ပြည်နယ်အဆင့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်အရ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်စည်ပင်သာယာရေးလုပ်ငန်း၊ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲ၍ အစိုးရအဖွဲ့ထံ တင်ပြခြင်း၊ အတည်ပြုချက်ရယူခြင်း၊

(င) ပြည်နယ်အဆင့် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့ပြရပ်ကွက်များကိုဖြစ်စေ၊ ကျေးရွာများကိုဖြစ်စေ၊ မြို့နှင့်ကျေးရွာများကိုပူးပေါင်း၍ဖြစ်စေ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် အဖြစ် သတ်မှတ်နိုင်ရန် တင်ပြခြင်းအပေါ် အကြံဉာဏ်များပေးခြင်း၊

(ဆ) မြို့၊ ရွာများရှိ စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် (၃) လ တစ်ကြိမ် သက်ဆိုင်ရာ ပြည်သူလူထုနှင့်တွေ့ဆုံညှိနှိုင်းခြင်း၊

(ဇ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက် ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိခြင်း။

၂၃။ ပြည်နယ်ကော်မတီသည် ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း(၇)
## မြို့နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၄။ မြို့နယ်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သောလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ အခါအားလျော်စွာစစ်ဆေးခြင်း၊

(ခ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေးဆွဲတင်ပြလာသော စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးထံတင်ပြခြင်း၊

(ဃ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(င) မြို့နယ်စည်ပင်သာယာရေးလုပ်ငန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စီမံကိန်း၊ စီမံချက်များရေးဆွဲ၍ ဝန်ကြီးထံ တင်ပြခြင်း၊

(စ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့ပြရပ်ကွက်များကိုဖြစ်စေ၊ ကျေးရွာများကိုဖြစ်စေ၊ မြို့နှင့်ကျေးရွာများကိုပူးပေါင်း၍ဖြစ်စေ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် အဖြစ်သတ်မှတ်နိုင်ရန် တင်ပြခြင်း၊

(ဈ) မြို့၊ ရွာများရှိ စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် သက်ဆိုင်ရာ ပြည်သူလူထုနှင့် (၃)လတစ်ကြိမ် တွေ့ဆုံညှိနှိုင်းခြင်း၊

(ည) ကိုယ်ပိုင်အမည် ၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိခြင်း။

၂၅။ မြို့နယ်ကော်မတီသည် ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ ပြည်နယ်ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၆။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၂၇။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ အခွန်အမျိုးအစား၊ နှုန်းထားများ ပြင်ဆင်ခြင်း၊ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

## အခန်း(၈)
## စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ

၂၈။ စည်ပင်သာယာရေးကော်မတီများသည် စည်ပင်သာယာရေးအဖွဲ့များ၏ အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်းများ ပြုရမည် -

(က) မြို့ပြစီမံကိန်းများရေးဆွဲခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အခြားသောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေအရင်းအမြစ်များ ရှာဖွေခြင်း၊ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ရေဆိုးရေညစ်စွန့်ပစ်ခြင်းနှင့် အခြားသောသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ခေတ်မီမိလ္လာကန်၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေခြင်း၊

(င) အများနှင့်သက်ဆိုင်သောနေရာများတွင် အဆင့်မြင့်သန့်စင်ခန်းများဆောက်လုပ်ခြင်း၊ ဆောက်လုပ်ခွင့်ပြုခြင်း၊

(စ) လမ်းမီးပေးရေးလုပ်ငန်းကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဇ) ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ည) လမ်းဘေးဆိုင်များ ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဋ) စားသောက်ဆိုင်များ၊ မုန့်ဖိုများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဌ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများကို ခွင့်ပြုခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဍ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့် ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ဏ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(တ) အပေါင်ဆိုင်လုပ်ငန်းများ ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ထ) အနှေးယာဉ်များနှင့် အခြားယာဉ်များ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဒ) ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ဆယ်ယူခြင်းနှင့် လမ်း၊ တံတားများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဓ) လမ်းစည်းကမ်းနှင့်လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(န) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ပ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ အသစ်ဆောက်လုပ်ခွင့်ပြုခြင်း၊ အဟောင်းကိုဖျက်သိမ်းခွင့်ပြုခြင်း၊ အဟောင်းကိုဖျက်ပြီး အသစ်ဆောက်လုပ်ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) ခွင့်ပြုချက်မရှိလျှင် ဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်မညီညွတ်လျှင် ဖြစ်စေ အဆောက်အအုံပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊

(ဗ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ သတ်မှတ်ခြင်း၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(ဘ) ကျူးကျော်အဆောက်အအုံများ ဖယ်ရှားစေခြင်း၊

(မ) ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့်ပြန်လည်နေရာချထားရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ယ) တည်းခိုခန်းများ၊ မိုတယ်များ၊ အင်းများ၊ ဘော်ဒါဆောင်များ၊ အလှပြင်ဆိုင်လုပ်ငန်းများ၊ ညအိပ်စာသင်ဝိုင်းများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ရ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်းကို စီမံခန့်ခွဲခြင်း၊ တိရစ္ဆာန်အသေကောင်များကို ရှင်းလင်းခြင်း၊

(လ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဝ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(သ) စည်ပင်သာယာရေးပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဟ) သုသာန်များသတ်မှတ်ခြင်း၊ မီးသင်္ဂြိုလ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဠ) သုသာန်များကို ပိတ်သိမ်းခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုနိုင်ရန် မြို့နယ်ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်ပြခြင်း၊

(အ) ယာဉ်ရပ်နားစခန်းများ တည်ထောင်ခြင်း၊ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊

(ကက) လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခခ) မြို့သန့်ရှင်းရေး၊ သပ်ရပ်ရေး၊ သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂဂ) ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများ၊ လူမှုစီးပွားရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃဃ) ပွဲရုံလုပ်ငန်းများ၊ ကုန်စည်ဒိုင်နှင့်ကုန်လှောင်ရုံများ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊

(ငင) ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများ ကျင်းပခြင်းကို ကြီးကြပ်ခြင်း၊

(စစ) မြို့ပြသန့်ရှင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ ထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း၊

(ဆဆ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ထံ တင်ပြခြင်း၊

(ဇဇ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေများတွင် ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျူးကျော်သူကို အရေးယူစေခြင်း၊ ဖယ်ရှားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(ဈဈ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း ကျူးကျော်မှု မရှိစေရန် စစ်ဆေးခြင်း၊ တားမြစ်ခြင်းနှင့်တားမြစ်ချက်ကို ဖောက်ဖျက်သူအား အရေးယူစေခြင်း၊

(ညည) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြေလွတ်မြေလပ်များတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသောသစ်ပင်များ၊ နိုင်ငံပိုင်အိမ်ရာဝင်းများတွင်ရှိသော နှစ်ရှည်သီးပင်များ၊ စားပင်များ၊ အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့်အဝိုင်းများတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ ဖျက်ဆီးခြင်း၊ တူးဆွခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ ခုတ်လှဲခြင်းမပြုရန် တားမြစ်ခြင်း၊ တားမြစ်ချက်ကို ဖောက်ဖျက်သူအား အရေးယူစေခြင်း၊

(ဋဋ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သော အဆောက်အအုံများ၊ မြေများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို ထိန်းသိမ်းခြင်း၊

(ဌဌ) စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံ၊ ဆေးခန်းနှင့် ညစ်ညမ်းရေထွက်ရှိသောလုပ်ငန်းတို့မှ ရေဆိုးရေညစ်များ သန့်စင်အောင်ပြုပြင်ပြီးမှ စွန့်ပစ်စေခြင်း၊ ရေစီးရေလာကောင်းမွန်စွာထုတ်ပစ်နိုင်ရေးအတွက် မြောင်းကိုပြုပြင်စေခြင်း၊

(ဥဥ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ပပ) အစိုးရအဖွဲ့၊ ပြည်နယ်ကော်မတီ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မြို့နယ်ကော်မတီ တို့မှ အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)

## အခွန်စည်းကြပ်ကောက်ခံခြင်း

၂၉။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါ အခွန်များနှင့် ဝန်ဆောင်ခွန်များကို စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ အကောက်ဥပဒေနှင့်အညီ စည်းကြပ် ကောက်ခံရမည်-

(က) အဆောက်အအုံနှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အများသုံးအိမ်သာခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်စသည့် ဝန်ဆောင်ခွန်များ၊

(ဂ) ဘီးခွန်၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းသို့ ပြင်ပမှ ဖြတ်သန်းသွားလာဝင်ရောက်ရပ်နားသော ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်အခများ။

၃၀။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပုဒ်မ ၂၉ အရ စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ အကောက် ဥပဒေနှင့်အညီ စည်းကြပ်ကောက်ခံရာတွင် အောက်ပါတို့ကို အခြေခံရမည် -

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်စံငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ထက်မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) တစ်နှစ်စံငှားရမ်းခတန်ဖိုး ပြင်ဆင်သတ်မှတ်ခြင်းကို မြို့နယ်ကော်မတီနှင့် ပြည်နယ်စည်ပင်သာယာရေး အဖွဲ့တို့၏ သဘောထားမှတ်ချက်၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရန်၊

(ဂ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်၊

(ဃ) အဆောက်အအုံနှင့်မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိ နေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့်မြေမှ ဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်။

၃၁။ မြို့နယ်ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များစည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်စံငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ပြင်ဆင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှတင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပေး၍ ဝန်ကြီးထံ တင်ပြခြင်း၊

(ခ) စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း လိုင်စင်ခများ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်နှင့်ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်မြေနှင့် အဆောက်အအုံများငှားရမ်းခတို့ကို အခါအားလျော်စွာ သတ်မှတ်ပြင်ဆင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပေး၍ ဝန်ကြီးထံ တင်ပြခြင်း၊

(ဂ) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းတို့ကို ခေတ္တရပ်ဆိုင်းထားရန်နှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပေး၍ ဝန်ကြီးထံ တင်ပြခြင်း၊

(ဃ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပေါ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပေး၍ ဝန်ကြီးထံ တင်ပြခြင်း။

၃၂။ ဝန်ကြီးသည် မြို့နယ်ကော်မတီက ပုဒ်မ ၃၁ အရ တင်ပြလာသော သဘောထားမှတ်ချက်ကို အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

၃၃။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၁၀)
## ကြီးကြပ်ခြင်း

၃၄။ ဝန်ကြီးသည် စည်ပင်သာယာရေးကော်မတီများ၏ အစည်းအဝေးများ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရမည်။

၃၅။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲ၍ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ခ) စည်ပင်သာယာရေးကော်မတီများ၏ သဘောထားမှတ်ချက်ဖြင့် ရေးဆွဲတင်ပြလာသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းအား စိစစ်၍ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(ဂ) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းကို ကြီးကြပ်ခြင်း၊

(ဃ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(င) စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဥပဒေနှင့်မညီညွတ်သော ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက်၊ ညွှန်ကြားချက်များကို စစ်ဆေးတွေ့ရှိလျှင် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခြင်း။

## အခန်း (၁၁)

## ဘဏ္ဍာရေး

၃၆။ စည်ပင်သာယာရေးအဖွဲ့များသည် မွန်ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ လိုအပ်ပါက ဖြည့်ဆည်းလိုသော ရန်ပုံငွေအတွက် မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ ခွင့်ပြုထားသည့်အတိုင်း အစိုးရအဖွဲ့ထံမှ အထောက်အပံ့၊ ချေးငွေရယူနိုင်သည်။ မိမိ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

၃၇။ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည် -

(က) ဥပဒေအရ စည်းကြပ်ကောက်ခံရရှိသည့် အခွန်၊ အခများ၊ စီမံခန့်ခွဲမှုဒဏ်ကြေးများ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းမှ ရရှိသည့် ငှားရမ်းခ၊ ဝန်ဆောင်ခ၊ ပစ္စည်းများ ရောင်းရငွေနှင့် အခြားနည်းလမ်းဖြင့် ရရှိသည့်ငွေများ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်းများပေါ်တွင် ပြေးဆွဲနေသော ယာဉ်များပေါ်မှ စည်းကြပ်ကောက်ခံရရှိသည့် ဝင်ငွေများ၊

(ဃ) လုပ်ငန်းလိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်ပေးသည့်အခ၊ မှတ်ပုံတင်ခနှင့်လုပ်ငန်းဆိုင်ရာ အခွန်အခများ၊

(င) မတည်ပစ္စည်းများ ရောင်းချရငွေနှင့်မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများ ပြန်လည်ရရှိခြင်းများ၊

(စ) အစိုးရအဖွဲ့က ထောက်ပံ့ငွေများ၊

(ဆ) ရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်သော လုပ်ငန်းများမှ ရရှိသော ဝင်ငွေများနှင့် အကျိုးအမြတ်များ၊

(ဇ) ပြည်တွင်းပြည်ပမှ လှူဒါန်းထောက်ပံ့ငွေများနှင့် ပစ္စည်းများ၊

(ဈ) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့် နိုင်ငံခြားငွေများ။

၃၈။ စည်ပင်သာယာရေးအဖွဲ့သည် နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့်ညှိနှိုင်းရေးဆွဲပြီး ဝန်ကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ တင်ပြရမည်။

၃၉။ မွန်ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေအရ အတည်ပြုထားသော ရသုံးမှန်းခြေငွေစာရင်းနှင့်အညီသာ ကောက်ခံသုံးစွဲနိုင်ခွင့်ရှိသည်။

၄၀။ စည်ပင်သာယာရေးအဖွဲ့များသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့ထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်းနှင့်အထောက်အပံ့များ ရယူခြင်းကို ပြုနိုင်သည်။

၄၁။ စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ လုပ်ငန်းကိစ္စတစ်ခုခုအတွက် အများပြည်သူအကျိုးငှာ အမှန်တကယ် သုံးစွဲရန်လိုအပ်သည့်ကိစ္စများတွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

၄၂။ (က) မွန်ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဘဏ်စာရင်းဖွင့်လှစ်၍ ဆောင်ရွက်ရမည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများအားလုံးကို ထိုဘဏ်စာရင်းသို့ ပေးသွင်းပြီး အသုံးစရိတ်များကိုလည်း နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ခွင့်ပြုချက်အတိုင်း သုံးစွဲရမည်၊

(ခ) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိပြီး ထိုဘဏ်စာရင်းသို့ ပေးသွင်းရမည်။ နှစ်စဉ်ရရှိသော နိုင်ငံခြားသုံးငွေများကို ကျပ်ငွေဖြင့် လဲလှယ်၍ စည်ပင်သာယာရေး အဖွဲ့၏ ငွေစာရင်းသို့ ပေးသွင်းရမည်၊

(ဂ) အထူးစီမံကိန်းကြီးများ ဆောင်ရွက်ခြင်းနှင့်သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် မိမိရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်စွမ်း မရှိသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ငွေကို တောင်းခံပေးရန်အတွက် အစိုးရအဖွဲ့ထံ တင်ပြခွင့်ရှိသည်။

၄၃။ စည်ပင်သာယာရေးအဖွဲ့များသည် -

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက သတ်မှတ်ထားသော ဦးစီးဌာနများ၏ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်း ညွှန်ကြားချက်နှင့်အညီ ရန်ပုံငွေများကို ပြုစုထိန်းသိမ်းထားရှိရမည်၊

(ခ) ပုဒ်မခွဲ(က)အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းဇယားများ၊ ဘဏ္ဍာရေးဆိုင်ရာနှစ်ချုပ် စာရင်းများနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်းကို ခံယူရမည်။

၄၄။ စည်ပင်သာယာရေးအဖွဲ့များသည် နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုရေးဆွဲထားသည့် ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်စာရင်းများကို မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးက စစ်ဆေးပြီးသည့်အခါ နှစ်ချုပ်စာရင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

၄၅။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီဝင်များ၏ စရိတ်ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက် စရိတ်များကို ခံစားခွင့်ပြုနိုင်ရေးအတွက် သတ်မှတ်ပေးရမည်။

## အခန်း(၁၂)
## စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း

၄၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်စေရန် မြေပိုင်ရှင် သို့မဟုတ် အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ၊ အဆောက်အအုံ၊ ဝင်းခြံစည်းရိုး၊ ဆောက်လုပ်၊ ကာရံသည်ကို သို့မဟုတ် ပြင်ဆင်၊ ဆောက်လုပ်၊ ကာရံသည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လူသွားစင်္ကြန်၊ လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်စသည်များအပေါ်တွင် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းဖြစ်စေ၊ ဝင်းခြံစည်းရိုးဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(ဃ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(င) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(စ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းများကို ဖို့စေခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်စေခြင်း၊

(ဆ) နေထိုင်ရန်အိမ်ခြံမြေကွက်တွင် သတ်မှတ်စည်းကမ်းနှင့်အညီ အဆောက်အအုံဆောက်လုပ်စေခြင်း။

၄၇။ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဃ)၊ (င) နှင့် (စ)တို့အရ လိုက်နာဆောင်ရွက်ရန် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၄၈။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေး၊ ရေဆိုးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ နေအိမ်အဆောက်အအုံနှင့်မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သော လမ်းနှင့်အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စနစ်တကျထားရှိစေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံ၊ ဆေးခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ ရေကူးကန်နှင့်ညစ်ညမ်းရေ ထွက်ရှိသောလုပ်ငန်းတို့မှ ရေဆိုးရေညစ်များကို သန့်စင်အောင်ပြုပြင်ပြီးမှ စွန့်ပစ်စေခြင်း၊ ရေစီးရေလာကောင်းမွန်စွာထုတ်ပစ်နိုင်ရေးအတွက် မြေကိုပြုပြင်စေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာကန်၊ မိလ္လာပိုက် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) အများပြည်သူနှင့်သက်ဆိုင်သော မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကို ဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်အား ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) အများပြည်သူနှင့်သက်ဆိုင်သော မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကို ဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် အမှုဆောင်အရာရှိက သတ်မှတ်သည့် လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူများမှ နစ်နာသူသို့ ပေးစေခြင်း။

၄၉။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေ၊ ဤဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ လုံခြုံစွာထုပ်ပိုးစုဆောင်း၍ ထည့်ထားရန်နှင့် သင့်လျော်သော အမှိုက်ပုံးများ စနစ်တကျထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် အခန်းအလိုက်ငှားရမ်းသော အဆောက်အအုံကို ကျန်းမာရေးနှင့်ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူပျော်ပွဲရွှင်ပွဲနှင့်အခြားအခမ်းအနားများအတွက် အသုံးပြုသည့် အဆောက်အအုံနှင့် ပွဲခင်းတို့ကို ကျန်းမာရေးနှင့်ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလျှင် သို့မဟုတ် အနှောင့်အယှက် ဖြစ်လျှင် လုပ်ငန်းနှင့်နေရာကို အသုံးမပြုဘဲထားစေခြင်း သို့မဟုတ် ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ပြောင်းရွှေ့စေခြင်း၊ ပိတ်သိမ်းစေခြင်း။

၅၀။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သတ်မှတ်သည့် စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် လုပ်ငန်းရှင် သို့မဟုတ် ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူအား အောက်ပါအတိုင်း ညွှန်ကြားနိုင်သည် -

(က) ဆောက်လုပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားပစ္စည်းများသယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားကိုမဆို သက်ဆိုင်ရာက သတ်မှတ်သည့်လမ်းကြောင်းအတိုင်းသာ မောင်းနှင်စေခြင်း၊

(ခ) မည်သည့်သယ်ယူပို့ဆောင်သည့်ယာဉ်အမျိုးအစားကိုမဆို ပစ္စည်းများကို လုံခြုံစွာဖုံးအုပ်တင်ဆောင် သယ်ပို့စေခြင်း၊

(ဂ) လမ်းများပေါ်သို့ ပစ္စည်းများ လွင့်စင်ယိုဖိတ် ကျရောက်ခြင်းဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်နှောင့်ယှက်မှုများ၊ သန့်ရှင်းရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ချက်ချင်း ပြန်လည်သိမ်းဆည်း၊ ဖယ်ရှား၊ ရှင်းလင်းဆောင်ရွက်ထားစေခြင်း။

၅၁။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်ကော်မတီ၏ ဆုံးဖြတ်ချက်၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသုံးပြုရန် မသင့်လျော်သည့် သုသာန်မြေများနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို လိုက်နာဆောင်ရွက်စေရန် သက်ဆိုင်သည့်အဖွဲ့အား ညွှန်ကြားနိုင်သည်-

(က) သုသာန် ဆက်လက်အသုံးပြုခွင့်ကို ပိတ်ထားစေခြင်း၊

(ခ) သုသာန်ကို ဖျက်သိမ်းစေခြင်း၊ နေရာရွှေ့ပြောင်းစေခြင်း၊

(ဂ) သုသာန်ဟောင်းမြေအား အခြားနည်းဖြင့်အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်း။

၅၂။ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် အောက်ပါတို့ကို မည်သူမျှမပြုလုပ်ရ -

(က) အများပြည်သူနှင့်ဆိုင်သော လူသွားစင်္ကြံ၊ လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခု ပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ချိတ်ဆွဲထားခြင်း၊ နေလှန်းခြင်း၊

(ခ) အများပြည်သူသွားလာသည့် လူသွားစင်္ကြံနှင့်လမ်းပေါ်တွင် ကစားခြင်း၊

(ဂ) လူသွားစင်္ကြံပေါ်တွင်လည်းကောင်း၊ လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာ မြောင်းပေါ်တွင်လည်းကောင်း၊ ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ထားရှိခြင်း၊ ဈေးရောင်းချခြင်း၊

(ဃ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေး စသည်တို့ကို လူသွားစင်္ကြံနှင့်လမ်းမြေ၊ လမ်း၊ ရေမြောင်း၊ မြစ်ချောင်းနှင့်စွန့်ပစ်ရန် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်း၊

(င) စည်ပင်သာယာရေးအဖွဲ့၏ ရေပေးရေး လုပ်ငန်းမှရေကို ခွင့်ပြုချက်မရှိဘဲ ရယူသုံးစွဲခြင်း၊

(စ) ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊

(ဆ) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်း၊

(ဇ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်း၊

(ဈ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေကူးကန်ကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း၊

(ည) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲ ထားခြင်း၊

(ဋ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို (၁၂)နာရီထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲထားခြင်း၊

(ဌ) သုသာန်မြေအဖြစ်သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုလ်ခြင်း၊

(ဍ) တည်းခိုခန်း၊ မိုတယ်၊ အင်း၊ အလှပြင်ဆိုင်လုပ်ငန်းများ၊ ဘော်ဒါဆောင်များ တည်ထောင် ဖွင့်လှစ်ခြင်း၊

(ဎ) စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့ဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊

(ဏ) ပေါင်မုန့်နှင့်မုန့်ဖုတ်လုပ်ငန်း၊ မုန့်ဖုတ်မျိုးစုံလုပ်ငန်း၊ ချိုချဉ်နှင့်ယိုမျိုးစုံလုပ်ငန်း တည်ထောင် လုပ်ကိုင်ခြင်း၊

(တ) ရေခဲနှင့်အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ ၊ သောက်ရေသန့်စက်ရုံများ တည်ထောင် လုပ်ကိုင်ခြင်း၊

(ထ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း။

## အခန်း(၁၃)
## ဈေးများ စီမံခန့်ခွဲခြင်း

၅၃။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဈေးများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှန်ကန်သည့်အလေး၊ ချိန်ခွင်၊ ကတ္တား၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချစေခြင်း၊

(ခ) မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ ကတ္တား၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းကို အရေးယူခြင်း၊

(ဂ) ဈေးများတွင် သတ်မှတ်ထားသော စည်းကမ်းဖောက်ဖျက်၍ ရောင်းချခြင်းကို အရေးယူခြင်း၊

(ဃ) ကိုယ်ပိုင်ဈေးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကိုတစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှရပ်စဲခြင်း၊ ရပ်စဲထားသော ဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းတို့ကို စစ်ဆေးကြီးကြပ်ခြင်း၊

(င) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းတို့ကို ကြီးကြပ်ခြင်း၊

(စ) နေ့စဉ်အမှိုက်များကို စနစ်တကျထုပ်ပိုးစေ၍ သတ်မှတ်သည့်နေရာများ၌ စနစ်တကျ စွန့်ပစ်စေခြင်း၊

(ဆ) ဈေးအတွင်း ကျန်းမာရေးနှင့်ညီညွတ်သော သုံးရေနှင့်မိလ္လာစနစ်များ ထားရှိပေးခြင်း။

## အခန်း(၁၄)
## အငှားယာဉ်များနှင့် အခြားယာဉ်များစီမံခန့်ခွဲခြင်း

၅၄။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အငှားယာဉ်များ၊ အခြားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အငှားယာဉ်၊ အခြားယာဉ်အမျိုးအစားသတ်မှတ်ခြင်း၊ စည်းကမ်းများရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) အငှားယာဉ်၊ အခြားယာဉ်လုပ်ငန်းလိုင်စင်သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အငှားယာဉ်မောင်းလိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အငှားယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အငှားယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အငှားယာဉ်၊ အခြားယာဉ်များကိုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အငှားယာဉ်၊ အခြားယာဉ်မောင်းသူများအားစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၅၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှထုတ်ပေးသော လုပ်ငန်းလိုင်စင်ရရှိသူသာ အငှားယာဉ်၊ အခြားယာဉ်များ လုပ်ကိုင်ခွင့်ရှိသည်။

၅၆။ ပုဒ်မ ၅၄၊ ပုဒ်မခွဲ (င) အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှထုတ်ပေးသော အနေးယာဉ်မောင်းလိုင်စင်ရရှိသူသာ အနေးယာဉ် မောင်းခွင့်ရှိသည်။

၅၇။ အနေးယာဉ်၊ အခြားယာဉ်ပိုင်ရှင်နှင့်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၅)
## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၅၈။ ညွှန်ကြားရေးမှူးသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ကူးတို့လုပ်ငန်း ကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့် စပ်လျဉ်း၍ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကိုကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်းဆက်စပ်လျှက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့ဝင်ငွေများကို အချိုးကျခွဲဝေခြင်း၊

(စ) ကူးတို့စည်းကမ်းဖောက်ဖျက်လျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) ကူးတို့စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ လျှော့ပေါ့ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၅၉။ အမှုဆောင်အရာရှိသည် မြို့နယ်ကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကိုကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခကို လျှော့ပေါ့ပေးခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၆၀။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များ ချထားပေးခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူအား အများပြည်သူ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များပြုလုပ်စေခြင်း၊ စစ်ဆေးခြင်း၊ မလိုက်နာသူအား အရေးယူခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့်ကူးတို့လုပ်ငန်းလိုင်စင်များကို အသစ်ပြန်လည်ချထားပေးခြင်း။

၆၁။ ပုဒ်မ ၅၈ နှင့် ၅၉ ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မွန်ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေအရ ဆောင်ရွက်သည့် ပြည်နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့၊ မြို့နယ်ပုဂ္ဂလိကပိုင်ရေယာဉ်များစနစ်တကျပြေးဆွဲရေးလုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၆၂။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၆၃။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၆၄။ ညွှန်ကြားရေးမှူးသည် ပြည်နယ်အတွင်း မြို့နယ်တစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်သည့် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်းကို ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်ရမည်။

၆၅။ ညွှန်ကြားရေးမှူးသည် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ သယ်ယူပို့ဆောင်သည့် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်းကို ဝန်ကြီး၏သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

## အခန်း (၁၆)
## တိရစ္ဆာန်များသတ်ဖြတ်မှုကိုစီမံခန့်ခွဲခြင်း

၆၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူစားသုံးရန် အလို့ငှာ ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသား ရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၆၇။ မြို့နယ်ကော်မတီသည် သက်ဆိုင်ရာမြို့နယ်အတွင်း အများပြည်သူစားသုံးရန်မှအပ နိုင်ငံတော်မှ တရားဝင်သတ်မှတ်ပေးထားသည့် ဘာသာရေးနေ့နှင့် အထူးသီးခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက်များနှင့်အညီ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၆၈။ မြို့နယ်ကော်မတီသည် အများပြည်သူစားသုံးရန်မှအပ တိုင်းရင်းသားရိုးရာဓလေ့ ထုံးတမ်းစဉ်လာအရ ပြုလုပ်ရသည့် ကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက် သတ်ဖြတ်ခွင့်အမိန့်ကို သတ်မှတ်ချက် များနှင့်အညီ ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ခွင့်ပြုနိုင်သည်။

၆၉။ မြို့နယ်ကော်မတီသည် စားသောက်ဆိုင်များတွင် ရောင်းချသည့် သို့မဟုတ် ရောင်းချရန် ခင်းကျင်း ပြသထားသည့် အသားဟင်းလျာမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်သည့်နေရာတွင် သတ်ဖြတ်သည့် အသားမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးကြီးကြပ်နိုင်သည်။

၇၀။ အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ဝန်ကြီးသည် တိရစ္ဆာန်သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ လယ်ယာ လုပ်ငန်းသုံး ကျွဲ၊ နွား တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် အခြားလိုအပ်သော အမိန့်ကြော်ငြာစာများ၊ သတ်မှတ်ချက်များကို ထုတ်ပြန်ရမည်။

၇၁။ ပုဒ်မ ၆၆ သို့မဟုတ် ပုဒ်မ ၆၇ အရ ခွင့်ပြုချက်ရရှိသူသာလျှင် -

(က) ကျွဲ၊ နွားကိုသတ်ဖြတ်ခြင်း၊ အသားနှင့်သားရေကို ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

## အခန်း(၁၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၇၂။ အမှုဆောင်အရာရှိသည် မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)မှ အများဆုံးကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိ ချမှတ်ရမည်။ ထို့အပြင် နစ်နာမှုအတွက် ရသင့်သည့်တန်ဖိုးကိုလည်း နစ်နာကြေးအဖြစ် သတ်မှတ် ပေးနိုင်သည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြစ်ဒဏ်ချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၄၈(ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့် ရေကြောင့် အများပြည်သူ လမ်းနှင့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၄၈(ဃ) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စနစ်တကျထားရှိစေခြင်း၊ |
| ၄၈(င) | ညစ်ညမ်းရေထွက်ရှိသောလုပ်ငန်းတို့မှ ရေကောင်းစွာထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ |
| ၄၈(စ) | ခွင့်ပြုချက်မရှိသော၊ သတ်မှတ်ချက်နှင့်မညီသော ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် တို့ကိုပိတ်စေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၄၈(ဆ) | အများပြည်သူနှင့်သက်ဆိုင်သော မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်အား ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၄၈(ဇ) | အများပြည်သူများနှင့်သက်ဆိုင်သော မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကို ဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေပေးစေခြင်း၊ |
| ၄၉(ခ) | ကျန်းမာရေးနှင့် မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၄၉(ဂ) | တည်းခိုခန်း သို့မဟုတ် အခန်းအလိုက်ငှားရမ်းသောအဆောက်အအုံကို သတ်မှတ် စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၅၀(က) | ဆောက်လုပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အခြားပစ္စည်းများ သယ်ယူ ပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားကိုမဆို သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်စေခြင်း၊ |
| ၅၀(ခ) | ပစ္စည်းများကို လုံခြုံစွာ ဖုံးအုပ်တင်ဆောင်သယ်ပို့စေခြင်း၊ |
| ၅၀(ဂ) | လမ်းများပေါ်သို့ ပစ္စည်းများကျရောက်ခြင်းဖြင့် ယာဉ်အန္တရာယ်နှင့်ပတ်ဝန်းကျင်ထိခိုက် နှောင့်ယှက်မှုများ၊ သန့်ရှင်းရေးထိခိုက်မှုများ မဖြစ်စေရေးအတွက် ချက်ချင်းရှင်းလင်းစေခြင်း၊ |
| ၅၁(က) | သုဿန် ဆက်လက်အသုံးပြုခွင့်ကို ပိတ်ထားစေခြင်း၊ |
| ၅၁(ဂ) | သုဿန်ဟောင်းမြေကို တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်စေခြင်း၊ |
| ၅၅ | အငှားယာဉ်၊ အခြားယာဉ်လုပ်ငန်းလိုင်စင်မရှိဘဲ အငှားယာဉ်၊ အခြားယာဉ်လုပ်ကိုင်ခြင်း၊ |
| ၅၆ | အငှားယာဉ်မောင်းလိုင်စင်မရှိဘဲ အငှားယာဉ်မောင်းခြင်း၊ |
| ၅၇ | အငှားယာဉ်၊ အခြားယာဉ်ပိုင်ရှင်နှင့်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်း များကို မလိုက်နာခြင်း၊ |

၇၃။ အမှုဆောင်အရာရှိသည် မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း)မှ အများဆုံး ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) အထိ ချမှတ်ရမည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၄၆(ဃ) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၄၆(င) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၄၆(စ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို ဖို့စေခြင်း၊ |
| ၄၆(ဆ) | နေထိုင်ရန် အိမ်ခြံမြေကွက်တွင် သတ်မှတ်စည်းကမ်းနှင့်အညီ အဆောက်အအုံ ဆောက်လုပ်စေခြင်း၊ |
| ၄၈(က) | အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၄၈(ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း၊ |
| ၄၉(က) | အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ လုံခြုံစွာထုပ်ပိုးစုဆောင်း၍ ထည့်ထားရန်သင့်လျော်သော အမှိုက်ပုံးများ စနစ်တကျထားရှိစေခြင်း၊ |
| ၄၉(ဃ) | ပျော်ပွဲရွှင်ပွဲနှင့်အခမ်းအနားများအတွက် အသုံးပြုမည့်အဆောက်အအုံနှင့်ပွဲခင်းတို့ကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၅၂(က) | အများပြည်သူနှင့် ဆိုင်သောနေရာများတွင်ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းများဖြန့်ထားခြင်း၊ ချိတ်ဆွဲထားခြင်း၊ နေလှန်းခြင်း၊ |
| ၅၂(ခ) | အများပြည်သူသွားလာသည့် လူသွားစင်္ကြန်နှင့်လမ်းပေါ်တွင် ကစားခြင်း၊ |
| ၅၂(ဂ) | လူသွားစင်္ကြန်၊ လမ်းနှင့်မြောင်းတို့အပေါ်တွင် ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ထားရှိခြင်း၊ ဈေးရောင်းခြင်း၊ |
| ၅၂(ဃ) | အမှိုက်၊ မိလ္လာ၊ အညစ်အကြေး စသည်တို့ကို လူသွားစင်္ကြန်၊ လမ်း၊ လမ်းမြေ၊ ရေမြောင်း၊ မြစ်ချောင်းနှင့်စွန့်ပစ်ရန်သတ်မှတ်မထားသော နေရာတွင်စွန့်ပစ်ခြင်း၊ |
| ၅၂(င) | စည်ပင်သာယာရေးအဖွဲ့၏ ရေပေးရေးလုပ်ငန်းမှရေကို ခွင့်ပြုချက်မရှိဘဲ ရယူသုံးစွဲခြင်း၊ |
| ၅၂(စ) | ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ |
| ၅၃(ခ) | မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ ကတ္တား၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း၊ |
| ၅၃(ဂ) | စည်ပင်သာယာရေးအဖွဲ့ဈေးများတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်း၊ |

၇၄။ အမှုဆောင်အရာရှိသည် မြို့နယ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်တွင် ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း)မှ အများဆုံးကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိ ချမှတ်ရမည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၈(ဇဇ) | အဖွဲ့ပိုင်မြေကို ကျူးကျော်ခြင်း၊ |
| ၂၈(ဈဈ) | လမ်းနယ်နိမိတ်ကို ကျူးကျော်ခြင်း၊ |
| ၂၈(ညည) | နှစ်ရှည်ပင်၊ သီးပင်၊ စားပင်၊ အဝိုင်းနှင့်လမ်းလယ်ကျွန်းများတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို တူးဆွခြင်း၊ ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း၊ ရွှေ့ပြောင်းခြင်း၊ |
| ၅၂(ဆ) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်း၊ |
| ၅၂(ဇ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၅၂(ဈ) | အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၅၂(ည) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း၊ |
| ၅၂(ဋ) | ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို (၁၂)နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း၊ |
| ၅၂(ဌ) | သုသာန်မြေအဖြစ်သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ |
| ၅၂(ဍ) | တည်းခိုခန်း၊ မိုတယ်၊ အင်း၊ အလှပြင်လုပ်ငန်း၊ ဘော်ဒါဆောင်နှင့်ညအိပ်စာသင်ဝိုင်း တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၅၂(ပ) | စားသောက်ဆိုင်၊ ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့ဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊ |
| ၅၂(ဏ) | ပေါင်မုန့်နှင့် မုန့်ဖုတ်လုပ်ငန်း၊ မုန့်ဖတ်မျိုးစုံလုပ်ငန်း၊ ချိုချဉ်နှင့်ယိုမျိုးစုံလုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၅၂(တ) | ရေခဲနှင့်အချိုရည်စက်ရုံများ ၊ အအေးခန်းစက်ရုံများ၊ သောက်ရေသန့်စက်ရုံများတည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၅၂(ထ) | အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း၊ |
| ၅၃(ဃ) | ကိုယ်ပိုင်ဈေးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကိုတစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ရပ်စဲထားပြီးသောဈေးကိုပြန်ဖွင့်ခြင်း၊ ဈေးဧရိယာတိုးချဲ့ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၅၃(င) | ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း၊ |
| ၆၀(ဂ) | ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူက အများပြည်သူ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် အစီအစဉ်များပြုလုပ်ရန် ညွှန်ကြားသည်ကို လိုက်နာရန်ပျက်ကွက်ခြင်း၊ |
| ၆၂ | ကူးတို့လုပ်ငန်းလိုင်စင်မရှိဘဲ ကူးတို့နယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းလုပ်ကိုင်ခြင်း၊ |
| ၆၃ | ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာရန်ပျက်ကွက်ခြင်း။ |

၇၅။ ပုဒ်မ ၇၂၊ ၇၃ နှင့် ၇၄တို့အရ ချမှတ်သော ဒဏ်ကြေးငွေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ငွေစာရင်းသို့ ပေးသွင်းရမည်။

၇၆။ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ပြီးသည့် ပြစ်မှုများအတွက် သတ်မှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်ပြီးပါက တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၇။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ် ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည် သို့မဟုတ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုကောက်ခံရမည်။

၇၈။ အစိုးရအဖွဲ့သည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အခန်း( ၁၈ )
## အယူခံဝင်ခြင်း

၇၉။ ပုဒ်မ ၇၂၊ ၇၃နှင့် ၇၄ တို့အရ အမှုဆောင်အရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ယင်းစီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၈၀။ ပုဒ်မ ၇၉ အရ အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးသည် အမှုဆောင်အရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၈၁။ ပုဒ်မ ၈၀ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ယင်းစီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၈၂။ ပုဒ်မ ၈၁ အရ အယူခံဝင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့် ဝန်ကြီးသည် ညွှန်ကြားရေးမှူးက ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၉)

## တားမြစ်ချက်များ

၈၃။ မည်သူမျှ အမှုဆောင်အရာရှိက စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ပြီးသည့် ပြစ်မှုကိုထပ်မံကျူးလွန်ခြင်းမပြုရ။

၈၄။ မည်သူမျှ ပုဒ်မ ၇၂၊ ၇၃ နှင့် ၇၄ တို့အရ ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၈၅။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အမှုဆောင်အရာရှိ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အဆောက်အအုံ၊ ဝင်းခြံစည်းရိုး ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်စေခြင်း မပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဆက်လက်နေထိုင်စေခြင်း မပြုရ။

၈၆။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကော်မတီ၏ ဆုံးဖြတ်ချက်၊ အစိုးရအဖွဲ့၏ အတည်ပြုချက်မရှိလျှင် သုသာန်ကို ဖျက်သိမ်းစေခြင်း၊ နေရာရွှေ့ပြောင်းစေခြင်း မပြုရ။

၈၇။ မည်သူမျှ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (င)ပါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၈၈။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) အများပြည်သူနှင့်သက်ဆိုင်သော လူသွားစင်္ကြန်၊ လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်စသည်များ အပေါ်တွင် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းကိုဖြစ်စေ၊ ဝင်းခြံစည်းရိုးကို ဖြစ်စေ ကျူးကျော်ဆောက်လုပ်ခြင်း မပြုရ၊

(ခ) ဝင်ထွက်နိုင်သောလမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရ၊

(ဂ) လမ်းပေါ်နှင့်လမ်းဘေးတွင် ယာဉ်များကို ရေဆေးခြင်း၊ ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ အချိန်ကာလကြာမြင့်စွာ ရပ်နားထားခြင်း မပြုရ၊

(ဃ) စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ဆိုင်းဘုတ်နှင့်ကြော်ငြာများ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း မပြုရ၊

(င) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် ရှင်းလင်းစွန့်ပစ်ခြင်း မပြုရ။

၈၉။ ပုဒ်မ ၆၆၊ ၆၇နှင့် ၇၁ ပါ ခွင့်ပြုချက်ရရှိသူမှတစ်ပါး အခြားမည်သူမျှ -

(က) ကျွဲ၊ နွား ကိုသတ်ဖြတ်ခြင်း၊ အသားနှင့်သားရေကို ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုရ၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း မပြုရ။

၉၀။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဝင်ရောက်သည့် ညွှန်ကြားရေးမှူးကိုဖြစ်စေ၊ အမှုဆောင်အရာရှိကိုဖြစ်စေ၊ ကော်မတီဝင်ကို ဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စည်ပင်သာယာရေးကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်စာချုပ်ချုပ်ဆို လုပ်ကိုင်သည့် လုပ်ငန်းရှင်အား စာချုပ်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

၉၁။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို ခွင့်ပြုချက်မရှိလျှင် လုပ်ကိုင်ခြင်း မပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ခွင့်ပြုချက်မရှိလျှင် ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ၊

(ဂ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို ခွင့်ပြုချက်ရုပ်သိမ်းခံရပြီးနောက် ဆက်လက်လုပ်ကိုင်ခြင်း မပြုရ။

## အခန်း(၂၀)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၉၂။ မည်သူမဆို ပုဒ်မ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉၊ ၉၀နှင့်၉၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) မှ အများဆုံး ကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်ဆယ်သိန်း) အထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၉၃။ မည်သူမဆို ပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀၀(ကျပ်ငါးသိန်း)မှ အများဆုံး ကျပ် ၂၀၀၀၀၀၀ (ကျပ်သိန်းနှစ်ဆယ်)အထိ ချမှတ်ရမည့်အပြင် ထောင်ဒဏ်အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၂၁)

## အထွေထွေ

၉၄။ ပုဒ်မ ၉၂နှင့်၉၃ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၉၅။ ပုဒ်မ ၈၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို ပိတ်သိမ်းနိုင်သည်။

၉၆။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ အကူအညီတောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံပါက သက်ဆိုင်ရာရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၉၇။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် နှစ်ခု သို့မဟုတ် နှစ်ခုထက် ပို၍ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ညွှန်ကြားရေးမှူးသည် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၉၈။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေများကို ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အဖွဲ့အစည်းတစ်ခုခုနှင့် အကျိုးတူဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ မြို့နယ်ကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးသည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၉၉။ စည်ပင်သာယာရေးကော်မတီများသည် ငွေကြေးဆိုင်ရာများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၁၀၀။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်ကို ရယူရမည်။

၁၀၁။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုနှင့်တစ်ခုကြား အငြင်းပွားမှုဖြစ်ပေါ်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်နိုင်သည်။

၁၀၂။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း၊ တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၁၀၃။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယခင်ကထုတ်ပြန်ကြေညာခဲ့ပြီးသောစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၁၀၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၀၅။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ(မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၇/၂၀၁၅)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

---------

ဝန်ကြီးချုပ်

ပြည်နယ်အစိုးရအဖွဲ့